# လွဲမှားစွာပြုမူခြင်း
# ( Child Abuse )

၁။ ကလေးသူငယ်ကို လွဲမှားစွာပြုမူခြင်းဆိုသည်မှာ ကလေး၏ဖွံ့ဖြိုးမှု၊ ဘဝလုံခြုံမှုနှင့် အသက်ရှင်ရပ်တည်နိုင်မှုတို့ကို အန္တရာယ်ဖြစ်စေသော အပြုအမူတစ်ရပ်ဖြစ်သည်။ ၎င်းသည် လူကြီးတစ်ယောက်၌ ရှိအပ်သောယုံကြည်စိတ်ချရမှုနှင့် အခွင့်အာဏာကို အလွဲသုံးပြုမူခြင်းဖြစ်သည်။ လူကြီးတို့က ကလေးတို့အား အောက်ပါရလဒ်များကို ဖြစ်စေသောလွဲမှားသည့်အပြုအမူများကို ပြုလုပ်ခြင်းကိုကလေးသူငယ်များအပေါ် လွဲမှားစွာပြုမူခြင်းဟု ခေါ်ဆိုပါသည်။

၂။ ထိခိုက်နာကျင်မှု ဖြစ်ပေါ်စေခြင်း ၊ အရေးပါသောစိတ်လှုပ်ရှားမှုဆိုင်ရာ (သို့) စိတ်ပိုင်းဆိုင်ရာအန္တရယ်ကိုဖြစ်စေခြင်း၊ အန္တရာယ်ကျရောက်နိုင်လောက်အောင် တို့ကြုံရခြင်း၊ ကလေးသူများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်လျက်ဖြစ်စေ အန္တရာယ်ဖြစ်စေနိုင်သော (သို့မဟုတ်) ကလေးသူငယ်များ၏ လုံခြုံမှုနှင့် အရှုယ်ရောက်လာအောင် ဖွံ့ဖြိုးမှုကိုစိမ်ခေါ်နေသော လူတစ်ဦးချင်း (သို့မဟုတ်) ဖြစ်စဉ်များ ဖြစ်သည်။

၃။ လွဲမှားစွာပြုမူခြင်းသည် မျှတမှုရှိသော အခြေအနေ၌ ဖြစ်ပွားလေ့မရှိပါ။ ဤဝေါဟာရသည် လူမှုဆက်ဆံရေးတွင် အခွင့်အာဏာချိန်ခွင့်မညီမျှမှုကို ရည်ညွှန်းသည်။ လွဲမှားသာအပြုအမူသည် ပြုမူနေသူ လူကြီး၏စိတ်လှုပ်ရှားမှု အခြေအနေ(သို့မဟုတ်) လိုအင်ဒေါသနှင့်သာ များသောအားဖြင့် သက်ဆိုင်ပြီး၊ ကလေးသူငယ်၏ ရုပ်ပိုင်း၊ ဆက်ဆံရေးပိုင်း လိုအပ်ချက်များနှင့် ပတ်သက်ခြင်းမရှိကြောင်း တွေ့ရှိရသည်။

## ရုပ်ပိုင်းဆိုင်ရာလွဲမှားစွာပြုမူခြင်း

၄။ ကလေးသူငယ်များကို ရုပ်ပိုင်းဆိုင်ရာလွဲမှားစွာ ပြုမူခြင်းဆိုသည်မှာ ကလေးအပေါ်တွင်တာဝန်တစ်ရပ်ရပ်နှင့် အာဏာရှိသူ လူကြီးက၊ ကလေးတစ်ဦးကို တမင်သက်သက် သို့မဟုတ် သိလျက်နှင့် ထိခိုက်ဒဏ်ရာရစေခြင်း၊ သို့မဟုတ် ကလေးငယ်များအား အကာအကွယ် မပေးခြင်း ပင်ဖြစ်သည်။ ယင်းတို့တွင် စွဲကိုင်လှုပ်ခြင်း၊ ရိုက်ခြင်း၊ ထုခြင်း၊ ခါးပတ်၊ ဖိနပ် သို့မဟုတ် အခြားအရာများဖြင့် ရိုက်ခြင်း၊ ဆေးလိပ်မီး၊ မီးခြစ်မီးဖြင့်တို့ခြင်း၊ ရေနွေးပူဖြင့်ပက်ခြင်း၊ ဆံပင်ဆွဲဆောင့်ခြင်း၊ ကလေးလက်မောင်း လက်ဖျံ၊ ခြေထောက်နှင့် အရိုးများကျိုးအောင် လုပ်ခြင်း၊ ကိုက်ဆွဲခြင်း၊ အစာငတ်၊ ရေငတ်ခံထားခြင်း၊ ဆီးဝမ်း ပေးမသွားခြင်းတို့ ပါဝင်ပါသည်။

၅။ ထို့ပြင် အစားအစာကျွေးစဉ်၊ အဝတ်လဲစဉ် သို့မဟုတ် ကိုင်တွယ်စဉ်တို့တွင် အလွန်အမင်းအင်အားသုံးခြင်းတို့လည်း ပါဝင်သည်။ ကလေးငယ်တစ်ဦးအား၊ အဆိပ်သင့်စေသော ပစ္စည်းတစ်ခုခုကိုပေးခြင်း၊ မသင့်လျော်သော မူးယစ်ဆေး သို့မဟုတ် ရေနစ်ခြင်းတို့သည်လည်း ရုပ်ပိုင်းဆိုင်ရာ လွဲမှားစွာပြုကျင့်သည့်နမူနာများပင်ဖြစ်ပါသည်။ ရုပ်ပိုင်းဆိုင်ရာ လွဲမှားစွာပြုမူခြင်းသည် မိဘ သို့မဟုတ် အုပ်ထိန်းသူများက တမင်ရည်ရွယ်ပြုလုပ်သော ထိခိုက်နာကျင်စေမှုဖြစ်သည်။ ဖြစ်လေ့ရှိသော ထိခိုက်ဒဏ်ရာရမှုများမှာ ပေါက်ပြဲပွန်းပဲ့ခြင်း၊ လက်ကျိုး ခြေကျိုးခြင်း နှင့် ဦးနောက်ထိခိုက်ခြင်းတို့ ဖြစ်ကြသည်။

## စိတ်ပိုင်းဆိုင်ရာလွဲမှားစွာပြုမူခြင်း

၆။ စိတ်လှုပ်ရှားမှုဆိုင်ရာ လွဲမှားစွာပြုမူခြင်းဆိုသည်မှာ ကလေးတစ်ဦး၏အသိဉာဏ်ဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ စွမ်းအားကို ထိခိုက်စေသော လွဲမှားစွာပြုမူမှုမျိုးကို ဆိုလိုသည်။ မိဘများ အုပ်ထိန်းသူများ

သည်ကလေးငယ်အပေါ်တွင် ချစ်ခြင်းမေတ္တာ သို့မဟုတ် ချစ်ခင်ကြင်နာမှုကို ပေးရန် သို့မဟုတ် ပြသရန် အဆက်မပြတ် မပျက်ကွက်သောအခါ သို့မဟုတ် ကလေးငယ်ကို ကြိမ်းမောင်းခြင်း၊ ခြောက်လှန့်ခြင်း၊ ဒေါသထွက်ခြင်း သို့မဟုတ် အော်ဟစ်ငေါက်ငမ်းခြင်းပြုသောအခါ ကလေးငယ်အား မိမိကိုယ်မိမိယုံကြည်မှုနှင့် မိမိကိုယ်မိမိ အထင်ကြီးလေးစားမှုကို ပျက်ပြားလာစေပါသည်။ ထိုသို့ဖြစ်လာစေသည့် အပြုအမူကို စိတ်ခံစားမှုဆိုင်ရာ လွဲမှားစွာပြုမူခြင်းဟုခေါ်သည်။ ကလေးအား တန်ဖိုးကျစေသော အဆင့်ကျစေသော သို့မဟုတ် သိက္ခာကျစေသော စကားလုံးများ အမူအရာများဖြင့် ပြောဆိုပြုမူခြင်းသည် စိတ်ခံစားမှုဆိုင်ရာ လွဲမှားစွာပြုကျင့်ခြင်းပင်ဖြစ်သည်။ နှုတ်မှုဆိုင်ရာ လွဲမှားစွာ ပြုမူခံရသော ကလေးသည် မိမိကိုယ်မိမိ အလေးအမြတ် ထားမှုနိမ့်ကျသွားသည်။ စိတ်ကူးယဉ်ခြင်း၊ ဆက်ဆံရေး နောက်ဆုတ်ခြင်း၊ ရန်လိုအကြမ်းဖတ်ခြင်း၊ ဆက်ဆံရေးဆန့်ကျင်ခြင်းစသော အပြုအမူများ ဖြစ်ပေါ်လာသည်။ ကလေးသည် စကားအသံမထွက်ရဲတော့ပဲ စိတ်ဓာတ် ကျသွားတက်သည်။

## လိင်မှုဆိုင်ရာလွဲမှားစွာပြုမူခြင်း

၇။ လိင်မှုဆိုင်ရာ လွဲမှားစွာပြုမူခြင်းဆိုသည်မှာ - လူကြီးတစ်ဦးသည် ၎င်း၏လင်ပိုင်းဆိုင်ရာ သာယာမှုအတွက် ကလေးငယ်အားလိင်မှုကိစ္စများတွင် ပါဝင်စေရန်ခြိမ်းခြောက်၍ဖြစ်စေ၊ လှည့်ဖြား၍ဖြစ်စေ၊ အင်အားသုံး၍ဖြစ်စေ (အဓမ္မဖြစ်စေ) အသုံးပြုခြင်းပင်ဖြစ်သည်။ ကလေးတစ်ဦးအား သူ့ထက်အသက်ကြီးသော ပို၍ဗဟုသုတရှိသော ကလေး သို့မဟုတ် လူကြီး (သူစိမ်းသောလည်းကောင်း၊ ညီအစ်ကို မောင်နှမချင်းသောလည်းကောင်း၊ အုပ်ထိန်းစောင့်ရှောက်သူသော်လည်းကောင်း) တစ်ဦးဦးက လိင်ဆိုင်ရာလိုအင်အတွက် အသုံးချမှုကိုဆိုလိုသည်။ ကလေးကို ခွန်အားသုံးဖြစ်စေ၊ လာဘ်ထိုး၍ဖြစ်စေ၊ ခြိမ်းချောက်ဖိအားပေး၍ဖြစ်စေ၊ ကလေး၏ဆန္ဒပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ လိင်ဆိုင်ရာဆက်သွယ်ပြုမူခြင်းကို ဆိုလိုသည်။

## ၈။ လွဲမှားစွာပြုမူခြင်းကြောင့် ကလေးများအပေါ် သက်ရောက်သောဆိုးကျိုးများ

(၁) အရိုးများကျိုးခြင်း၊
(၂) အမာရွတ်၊ ဒဏ်ရာဒဏ်ချက်ဖြစ်ခြင်း၊
(၃) ရုပ်ပျက်ဆင်းပျက်ဖြစ်ခြင်း၊
(၄) ပြင်းထန်သော အတွင်းဒဏ်ရာများဖြစ်ခြင်း၊
(၅) ဦးနှောက်ပျက်စီးခြင်း၊
(၆) အတွင်းကြေဒဏ်ရာများဖြစ်ခြင်း၊
(၇) အလွန်အမင်းစိုးရိမ်ပူပန်ခြင်း၊
(၈) စိတ်ဓာတ်ကျခြင်း၊
(၉) အရှုံးပေးစိတ်လွန်ကဲခြင်း၊
(၁၀) ခံတွင်းပျက်ခြင်း၊
(၁၁) ငေါ်မွတ်ခြင်း၊ ဆာလောင်မွတ်သိပ်ခြင်း၊
(၁၂) ရန်လိုခြင်း၊
(၁၃) မိမိကိုယ်မိမိ အထင်ကြီးလေးစားမှုမရှိခြင်း / အလွန်နည်းခြင်း၊
(၁၄) လူမှုရေးနှင့် အံမဝင် ခွင်မကျသည့်အမူအရာများဖြစ်ပေါ်ခြင်း၊
(၁၅) စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊

(၁၆) ကြောက်လန့်ခြင်း၊

(၁၇) စိတ်ရှုပ်ထွေးခြင်း၊

(၁၈) အပြစ်ရှိသည် / အပြစ်ကျူးလွန်မိသည်ဟု ခံစားနေရခြင်း၊

(၁၉) အိပ်မက်ဆိုးများမက်ခြင်း၊ အလွန်အမင်းစိတ်ဓာတ်ကျခြင်း၊ ပူပန်မှုလွန်ကဲခြင်း၊

(၂၀) ငြင်းပယ်လိုစိတ်ရှိခြင်း၊

(၂၁) ကျောင်းတက်ရာတွင် (သို့မဟုတ်) ကျောင်းသင်ခန်းစာတွင် အခက်အခဲရှိခြင်း၊

(၂၂) ရန်လိုသော အပြုအမူရှိခြင်းနှင့် အိမ်မှထွက်ပြေးခြင်း၊

(၂၃) လူကြီးများနှင့် မျက်နှာစိမ်းများကို မယုံကြည်ခြင်း၊

(၂၄) ကာလသားရောဂါနှင့် (HIV) ကူးစက်ခြင်း၊ မလိုချင်ဘဲ စောစောစီးစီး ကိုယ်ဝန်ဆောင်ရခြင်း၊

(၂၅) မိမိကိုယ် မိမိသေကြောင်းကြံခြင်း / သေဆုံးခြင်း။

## ကြမ်းရမ်းစွာပြုမူခြင်းဆိုသည်မှာအဘယ်နည်း

**(Violence)**

၁။ ကြမ်းရမ်းစွာပြုမူခြင်းဆိုသည်မှာ - လူပုဂ္ဂိုလ်တစ်ဦးဦးအား (သို့မဟုတ်) အုပ်စုတစ်စု (သို့မဟုတ်) မိမိကိုယ်ကို မိမိခံစားမှုနှင့် ရုပ်ပိုင်းတို့ကို ထိခိုက်နာကျင်စေရန် ပြုလုပ်သည့်ပြုလုပ်မှုမှန်သမျှပင် ဖြစ်သည်။

၂။ ပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအများကို ၎င်းတို့၏ လိင်ကွဲပြားမှု၊ လူမျိုး၊ ရုပ်ပိုင်းနှင့် စွမ်းဆောင်ရည်ပိုင်းတို့နှင့် ပတ်သက်ပြီး ပြုလုပ်မှုတစ်ရပ်ပင် ဖြစ်ပါသည်။ အခြားပုဂ္ဂိုလ်တစ်ဦးအား အခြားတစ်ဦးက မိမိ၏အခွင့်အာဏာကို သိသိသာသာဖြစ်စေ၊ မသိမမြင်သာ စေပဲဖြစ်စေ အနိုင်ကျင့်အသုံးချခြင်း ဖြစ်ပါသည်။

၃။ ကလေးများသည် အိမ်၊ မိသားစုတွင်းနှင့် အခြားကလေးများ၏ ကြမ်းရမ်းစွာပြုမူခြင်းကို ခံကြရပါသည်။ ယင်းဖြစ်ရပ်များကို ကျောင်းများ၊ စောင့်ရှောက်ရေးဂေဟာများနှင့် အခြားပြုစုစောင့်ရှောက်ရေးဌာန၊ လမ်းများပေါ်နှင့် အလုပ်ရုံနေရာများ၊ အကျဉ်းစခန်းများတွင် တွေ့ရပါသည်။

### အကျိုးသက်ရောက်မှုများ

၄။ ကြမ်းရမ်းစွာပြုမူခြင်း အတော်များများကို သတိမမူမိကြပေ။ ကြမ်းရမ်းစွာပြုမူခြင်းသည် ကလေး၏ ပတ်ဝန်းကျင်တွင် ရှိနေသောစီးပွားရေး၊ ယဉ်ကျေးမှု၊ လူမှုရေးစံသတ်မှတ်ချက်များ၏ အစိတ်အပိုင်း တစ်ရပ်အဖြစ်တည်ရှိနေပါသည်။ ကျား-မ များအတွင်း ဆက်ဆံရာတွင် လုပ်ပိုင်ခွင့်အခွင့်အာဏာ၊ ပြစ်ပါယ်မှု၊ ပြုစုစောင့်ရှောက်မည့်သူကင်းမဲ့နေခြင်း၊ ကလေးကို ကာကွယ်စောင့်ရှောက်မှုမပေးသည့်လူမှုရေးစံသတ်မှတ်ချက် အစရှိသည့်တို့အပေါ် အခြေခံပေါ်ပေါက်ခဲ့ရပါသည်။ အခြားအချက်အနေဖြင့် မူးယစ်ဆေးဝါး၊ အရက်သေစာသုံးစွဲမှု၊ အလုပ်လက်မဲ့၊ ဥပဒေချိုးဖောက်မှု အစရှိသည်တို့လည်း ပါဝင်ပါသည်။

### ရိုက်နှက်ဆုံးမခြင်း၏ အကျိုးဆက်များ

ထိရောက်မှုမရှိခြင်း

၅။ ရိုက်နှက်ဆုံးမခြင်းသည် ကလေးကိုလတ်တလော လိုက်နာမှုရှိစေခြင်းကြောင့် အတော်အသင့် ထိရောက်မှုရှိသည်။ သိုသော် ဤကဲ့သို့အလွယ်တကူဖြေရှင်းနည်းသည် ရေရှည်တွင်အကျိုးမရှိပေ။ ကလေးသည်အရိုက်ခံရပြီး လူကြီး၏ဆန္ဒကို လတ်တလောလိုက်နာမှုရှိသော်လည်း သုတေသနတွေ့ရှိချက်များအရ ကလေးများသည် သူတို့အဘယ်ကြောင့် အရိုက်ခံရသည်ကို မမှတ်မိကြကြောင်းတွေ့ရသည်။ လတ်တလောခြိမ်းချောက်ခံရသည့် အခြေအနေ၌သာ မှားယွင်းသော အပြုအမူကို မပြုလုပ်ကြခြင်းသာ ဖြစ်ပေသည်။ ရိုက်နှက်ဆုံးမခြင်းဖြင့် ကလေးကိုစည်းကမ်းမပေးနိုင်ပေ။ ကလေးအနေဖြင့် ပြင်းထန်စွာဒဏ်ရာရစေနိုင်သော အခြေအနေများမှအပ ရိုက်နှက်ခံရခြင်းကို ခံနိုင်ရည်ရှိသွားတက်ပေသည်။

ရုပ်ပိုင်းဆိုင်ရာအနာတရဖြစ်မှု

၆။ အော်ဟစ်ဆူပူခြင်းကို ထိရောက်မှုနည်းလာသည်နှင့်အမျှ ပို၍ပြင်းထန်စွာရိုက်နှက်လာကြသည်။ ထိုအခါ ကလေးများတွင် ရိုက်နှက်ပြစ်ဒဏ်ပေးခြင်းကြောင့် ထာဝရထိခိုက်ပျက်စီးခြင်း၊ ဆေးဝါးကုသရန်လိုအပ်သည့် ဒဏ်ရာဖြစ်လာခြင်းနှင့် သေဆုံးခြင်းအထိဖြစ်လာတက်သည်။

၇။ ပါကစ္စတန်နိုင်ငံ အနောက်မြောက်နယ်ခြားဒေသတွင် မူလတန်းကျောင်း (၆၀၀) ကိုလေ့လာမှုအရ ကျောင်းတွင် ရိုက်နှက်ဆုံးမမှုကြောင့် သတိမေ့သွားခြင်း၊ ခြေကျိုးခြင်း၊ သွေးထွက်ခြင်း၊ မျက်စိထိခိုက်ပျက်စီး

ခြင်းစသည့် ဒဏ်ရာရရှိမှုများရှိကြောင်း ကျောင်းအုပ် (၆၂)ဦး၏ တင်ပြချက်၌ တွေ့ရသည်။ ဖော်ပြပါဖြစ်ရပ်များသည် ကလေးအပေါ် လွဲမှားစွာ ပြုမူခြင်းများဖြစ်ကြောင်းထင်ရှားသည်။ သို့ရာတွင် ကလေးအပေါ် လွဲမှားစွာ ပြုမူခြင်းကို ရိုက်နှက်အပြစ်ပေးခြင်းနှင့် သီးခြားစီဖြစ်သည်ဟု ယူဆလေ့ရှိသည်။

## စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရမှုများ

၈။ သုတေသနများအရ ရုပ်ပိုင်းဆိုင်ရာ အပြစ်ဒဏ်ပေးခြင်းခံရမှုကြောင့် ရေတိုနှင့်ရေရှည်နှစ်ခုစလုံးတွင် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ ဖြစ်ပေါ်ကြောင်းသိရှိရသည်။ အမေရိကန်နိုင်ငံမှ လေ့လာမှု (၅)ခုအရ အမေရိကန်ကလေးများကို ရိုက်နှက်အပြစ်ပေးမှုကြောင့် ကလေးများတွင် စိတ်ကျခြင်း၊ အကြမ်းဖက်ခြင်းတို့ကဲ့သို့သော ဆက်ဆံရေးနှင့် စိတ်ပိုင်းဆိုင်ရာ ပြဿနာကြီးများဖြစ်ပေါ်၍ အန္တရာယ်ရှိကြောင်းတွေ့ရသည်။

၉။ ရိုက်နှက်အပြစ်ဒဏ်ပေးမှုကြောင့် မရည်ရွယ်သောလည်း ကလေးအပေါ်အပြင်းထန်ဆုံး ဖြစ်ပေါ်သော စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများဖြစ်ပေါ်ကြောင်း အကျိုးသက်ရောက်မှုများမှာ အကြမ်းဖက်မှုသည် လက်ခံနိုင်သောအပြုအမူဖြစ်သည်ဟု ယူဆသွားခြင်းဖြစ်သည်။ ထို့ကြောင့် ကလေးဘဝတွင် ရိုက်နှက်ပြစ်ဒဏ်ပေးခြင်းခံရခြင်းသည် ပြစ်ဒဏ်၏ပြင်းထန်မှုအလိုက် ကြီးပြင်းလာသောအခါ ရန်လိုမှုများ၊ ဆက်ဆံရေး ဆန့်ကျင်သော အပြုအမူများနှင့် ရာဇဝတ်မှုများကျူးလွန်လာကြကြောင်း တွေ့ရှိရသည်မှာ မထူးဆန်းလှပေ။

၁၀။ ရိုက်နှက်ပြစ်ဒဏ်ပေးမှုသည် ကလေး၏ရေရှည်စိတ်ကျန်းမာရေးနှင့် ပျော်ရွှင်မှုကိုထိခိုက်စေသည်။ သုတေသတွေ့ရှိချက်အရ ရိုက်နှက်ပြစ်ဒဏ်ပေးခြင်းသည် စိတ်ကျခြင်း၊ မိမိကိုယ်ကို အလေးအမြတ်ထားမှုနိမ့်ကျခြင်း၊ စိတ်ပိုင်းဆိုင်ရာ ညှိယူမှု၌ထိခိုက်စေပြီး၊ မိဘ-ကလေး ဆက်ဆံရေး မကောင်းခြင်းများနှင့် ဆက်စပ်နေကြောင်းတွေ့ရသည်။

## ကလေး၏ ပညာရေးကို ထိခိုက်စေခြင်း

၁၁။ ကျောင်းများတွင် ရိုက်နှက်ဆုံးမခြင်းကို နိုင်ငံအတော်များများတွင် ပယ်ဖျက်ပြီးဖြစ်သော်လည်း အချို့နိုင်ငံများတွင် အဓိကနည်းလမ်းအနေဖြင့် အသုံးပြုဆဲပင်ဖြစ်သည်။ လေ့လာမှုများအရ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပြင်းထန်သော အပြစ်ဒဏ်ပေးခြင်းများ ရှိနေဆဲဖြစ်သည်။

၁၂။ ကလေးများသည် ဆင်းရဲခြင်း၊ ကျားမခွဲခြားခြင်း စသည့်အချက်များနှင့်အတူ ရိုက်နှက်အပြစ်ပေးခံရခြင်းကိုလည်း ကျောင်းထွက်ရခြင်း၏ အကြောင်းရင်းတစ်ခုအဖြစ် မြင်ကြသည်။ မပြင်းထန်သော ရိုက်နှက်အပြစ်ပေးခြင်းများသည်ပင် ကလေး၏ပညာရေးကို ပျက်စီးစေနိုင်သည်။ ကလေးတို့သည် စူးစမ်းလေ့လာခြင်း မေးခွန်းများမေးခြင်း စမ်းသပ်ပြုလုပ်ကြည့်ခြင်းတို့ဖြင့် သင်ယူကြ၏။ ဤသို့ပြုလုပ်နိုင်ရန် လွတ်လပ်မှုလိုအပ်၏။ ကြောက်လန့်စေခြင်းဖြင့် စည်းကမ်းပေးသည့် နေရာမျိုးတွင်ဖော်ပြပါသင်ယူခြင်းအတွက် လိုအပ်သော အခြေအနေများပျောက်ဆုံးရတက်သည်။

၁၃။ ဆရာများအနေဖြင့် ရိုက်နှက်ဆုံးမခြင်းသည် ကလေးများကို စည်းကမ်းသေဝပ်မှုနှင့် စာသင်ကြားမှုတို့တွင်ပိုကောင်းစေသည်ဟု ယူဆကြသော်လည်း ရိုက်နှက်ဆုံးမခြင်း မပြုသောကြောင့်ကျောင်းစာတွင် ညံ့ဖျင်းသွားသောအထောက်အထားများမရှိပေ။

**လူကြီးများနှင့် လူ့အဖွဲ့အစည်းအပေါ် အကျိုးသက်ရောက်မှု**

၁၄။ ရိုက်နှက်အပြစ်ပေးခြင်းသည် ကလေးများအပေါ်တွင်သာ အကျိုးသက်ရောက်မှုရှိသည်ဟု ထင်မှတ်ကြသော်လည်း မိဘများနှင့် လူ့အဖွဲ့အစည်းပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိပေသည်။ မိဘအများအပြားသည်အခြားဖြေရှင်းနိုင်သော နည်းလမ်းမရှိ၍ရိုက်နှက်ခြင်းနည်းကို သုံးနေကြရသော်လည်း မိမိပြုလုပ်ခဲ့မှုအတွက်စိတ်မကြောင်းဖြစ်ရပေသည်။ ရိုက်နှက်အပြစ်ဒဏ်ပေးခြင်းသည် လူ့အဖွဲ့အစည်းအတွင်း အကြမ်းဖက်မှုမျိုးဆက်သံသရာကို ဖြစ်ပေါ် စေသည်။

**အပြစ်ဒဏ်ပေးခြင်းကို အလွန်အကျွံအသုံးပြုခြင်း**

၁၅။ မိဘများသည် ကလေးများကို စောင့်ရှောက်ထိန်းသိမ်းရာတွင် အပြစ်ဒဏ်ပေးခြင်းနည်းကို သုံးလေ့ရှိကြသည်။ အကြောင်းရင်းများစွာရှိရာ အပြစ်ပေးခြင်းသည် မိဘများမလိုလားသော အပြုအမူကို လျင်မြန်စွာရပ်ဆိုင်းစေနိုင်ခြင်း၊ မိဘများဒေါသထွက်၍ လိုဘမပြည့်၍ရိုက်ခြင်း၊ မိဘများအနေဖြင့် အခြားမည်သို့ ဆုံးမရမည်ကိုမသိခြင်းတို့ဖြစ်သည်။

၁၆။ အပြစ်ဒဏ်ပေးခြင်း အထူးသဖြင့် ရုပ်ပိုင်းဆိုင်ရာအပြစ်ပေးခြင်းတွင် ဆိုးကျိုးများစွာရှိသည်။ မိဘများမလိုလားသည့်အရာအတွက် အပြစ်ပေးခြင်းဖြင့်မိဘက မည်သို့ပြုမူစေလိုသည်ကို ကလေးမသင်ယူနိုင်ပေ။ အပြစ်ပေးခြင်းဖြင့် မိဘကိုကြောက်ရွံ့စေသည်။ ကလေးတို့သည် ယင်းတို့ကြောက်ရွံ့သည့်လူ (သို့မဟုတ်) အခြေအနေမှ ရှောင်းတိမ်းတက်ကြသည်။ အပြစ်ပေးခံရလွန်းသော ကလေးသည် မိဘများကိုရှောင်ခြင်း၊ အိမ်မှထွက်ပြေးခြင်းတို့ ဖြစ်နိုင်သည်။ ကလေးကို မကြောက်ရွံ့အောင် အပြစ်ပေးခြင်း (ဥပမာ-အမှောင်ကို မကြောက်အောင် အမှောင်တွင်ထားပြီး ပြစ်ဒဏ်ပေးခြင်း) သည်ကလေးကို ပို၍ကြောက်လန့်စေသည်၊ မကြာခဏအပြစ်ပေးခြင်းခံရသော ကလေးသည်လိုက်လျောညီထွေနေနိုင်စွမ်း နည်းပါလာသည်။ ထို့ကြောင့် မကြာခဏအပြစ်ပေးခြင်းနှင့် ပတ်သက်၍ သတိပြုရန်လိုပေသည်။

၁၇။ အကယ်၍အပြစ်ပေးရန်လိုသော အခြေအနေများဖြစ်လာပါက အပြစ်ပေးခြင်းကို မလိုလားအပ်သော အပြုအမူဖြစ်ပေါ်ပြီး ချက်ခြင်းပြုလုပ်သင့်သည်၊ အပြစ်ပေးခြင်းမှာလည်း ဒေါသအလျောက် ဆောင်ရွက်ခြင်းမဟုတ်ဘဲ မှားယွင်းသောအပြုအမူ၏ အကျိုးဆက်ဖြစ်ကြောင့် သိသာစေသင့်သည်။ အပြစ်ပေးသော ပုံစံမှာလည်းရုပ်ပိုင်ဆိုင်ရာရိုက်နှက်ခြင်းထက် ကလေးနှစ်သက်သော အရာဝတ္ထုအပြုအမှုတို့ကို ဖယ်ရှားခြင်း၊ မလိုလားအပ်သော အပြုအမူကြောင့်ဖြစ်လာသော ဆိုးကျိုးကိုပြန်လည်ပြုပြင်စေခြင်း တို့ဖြစ်သည်။

၁၈။ မိဘများကို လေ့ကျင့်သင်ကြားပေးရာ၌ အဓိကအရေးကြီးဆုံးအချက်မှာ ၎င်းတို့မလိုလားအပ်သော အပြုအမူအတွက် အပြစ်ပေးခြင်းမှ ပြောင်းလဲစေရေးပင်ဖြစ်သည်။ လိုလားအပ်သော အပြုအမူများကို ဆုပေးခြင်းသည် မလိုလားအပ်သောအပြုအမူကို အပြစ်ပေးခြင်းထက် ပို၍ထိရောက်သည်။ ဤသို့ ပြောင်းလဲပေးရန်မိဘများ သဘောပေါက်လာသည်နှင့်အမျှ အပြစ်ပေးခြင်းမှာ လျော့သွားပြီးကလေးများမှာလည်းပို၍ပျော်ရွှင်လာကြမည်။

၁၉။ မိဘများအနေဖြင့် ကလေးများအတွက် ထိရောက်သောဆုလာဒ်များကို လေ့လာထားရန် လိုသည်။ ကလေးများကို အာရုံစိုက်ခြင်း၊ ချီးမွမ်းခြင်းတို့သည် ထိရောက်မှုရှိပြီး ဤဆုလာဒ်မျိုးကို အထိရောက်ဆုံးဖြစ်အောင်မည်သို့ အသုံးပြုမည်ကို သိရန်လေ့လာထားရမည်။ လိုလားသောအပြုအမူအတွက် မည်သို့ချက်ချင်းလက်ငင်း ဆုချရမည်ကိုလည်းကောင်း၊ ပြစ်ဒဏ်ပေးခြင်းကို မည်သို့တဖြည်းဖြည်းလျော့ချ သွားရမည်ကိုလည်းကောင်း၊ အပြုအမူအသစ်များကို မည်သို့တည်မြဲအောင် ပြုလုပ်ရမည်ကိုလည်းကောင်း လေ့လာသိရှိထားရန်လိုသည်။

လူကြီးများအသုံးပြုလေ့ရှိသော စည်းကမ်းပေးနည်းများ

(၁) ချစ်ခင်မှုကိုရုပ်သိမ်းခြင်း - မသက်ဆိုင်ရာလူကြီးတဦးက ကလေးအပေါ် အာရုံစိုက်မှုနှင့် ချစ်ခင်မှုကိုဖယ်ရှားခြင်း

(၂) အင်အားအသုံးပြုခြင်း လူကြီး တစ်ဦးဦးက ကလေးကို ခြိမ်းခြောက်ခြင်း၊ လက်ဝါးဖြင့် ရိုက်ခြင်း၊ အခွင့်အရေးများ ဖယ်ရှားခြင်းဖြင့် ကလေးအပေါ် ထိန်းချုပ်ခြင်း အကျိုးဆက်များကို ကြောင်းကျိုးရှင်းပြရမည်။

(၃) ကြောင်းကျိုးပြပြောဆိုခြင်း - လူကြီး တစ်ဦးဦးက ကလေး၏ ပြုမူမှုကြောင့် ဖြစ်ပေါ် လာမည့်အကျိုးဆက်များကို ကြောင်းကျိုးရှင်းပြရမည်။

၂၀။ ထိုနည်းသုံးနည်းအနက် တတိယနည်းသည် ကလေးအား မိမိအပြုအမူကြောင့် အခြားသူများပေါ် သက်ရောက်သည့် အကျိုးဆက်များကို အာရုံစိုက်လာစေသည်။ ထို့ကြောင့် ဤနည်းကို မိဘများအနေဖြင့် အသုံးပြုသင့်ပေသည်။

# ကလေးသူငယ်ကို လျစ်လျူရှုခြင်း
# (Child Neglect)

၁။ မိဘများကဖြစ်စေ၊ လူ့အဖွဲ့အစည်းကဖြစ်စေ ကလေးငယ်များ၏ ကျန်းမာရေးနှင့် ပညာရေးတို့ကို လက်လွတ် ဆုံးရှုံးစေနိုင်သည့် လျစ်လျူရှုမှု မျိုးများ ပါဝင်ပါသည်။ လျစ်လျူရခြင်းသည် ကလေးသူငယ်၏ မရှိမဖြစ် လိုအပ်သော လုံလောက်သည့် အစားအစာ၊ အဝတ်အထည်၊ ချစ်ခြင်းမေတ္တာ နှင့် ကျန်းမာရေး စောင့်ရှောက်မှုတို့ကို ဖြည့်ဆည်းပေးရန် လူကြီးများက ပျက်ကွက်ခြင်းပင် ဖြစ်သည်။

၂။ မိမိကိုယ်ကို စောင့် ရှောက်ရန် အလွန့်အလွန် ငယ်လွန်းသော ကလေးငယ်များအား တစ်ဦးတည်း ပြစ်ထားခဲ့ခြင်း၊ သို့မဟုတ် သင့်လျော် မှန်ကန်သော အကြံပေး လမ်းညွှန်မှု မပြုခြင်းတို့သည် လျစ်လျူရှုသည့် ဥပမာများပင် ဖြစ်သည်။ လျစ်လျူရှုခြင်းကြောင့် ကလေးငယ်၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ခံစားမှုဆိုင်ရာတို့ကို ထိခိုက်စေသည်။

၃။ ကလေးအားအရေးပါသော စောင့်ရှောက်မှုပြုလုပ်ရန် ပျက်ကွက်သည့်အတွက် ကလေး၏ကျန်းမာရေး နှင့် ဖွံ့ဖြိုးမှုကို ပျက်စီးသွားစေသည်။ ကလေးတို့အား ထိခိုက်ဒဏ်ရာရမှု ခန္ဓာကိုယ်ချို့ယွင်းစေမှု သို့မဟုတ် သေဆုံးမှုကို ဖြစ်စေလောက် အောင်စောင့်ရှောက်မှု ကင်းမဲ့စေသည်။

၄။ လျစ်လျူရှုခြင်းဆိုသည်မှာ ကလေးတစ်ဦးအား အစားအစာ၊ အဝတ်အထည်၊ အဆောက်အဦ၊ စိတ်လှုပ်ရှားမှုဆိုင်ရာ လုံခြုံစိတ်ချမှု၊ ဆေးဝါးကုသမှုနှင့် ကလေး၏ကြီးထားမှုနှင့်ဖွံ့ဖြိုးမှုအတွက် လုံလောက် သောကြီးကြပ်ကွပ်ကဲမှုတို့ပေးရန် ပျက်ကွက်ခြင်းကို ဆိုလိုသည်။

၅။ ကလေးတွင် မျှော်လင့်ရန် အခွင့်အလမ်းရှိပြီး လူကြီး၌ အစာ၊ အဝတ်၊ နေအိမ်လုံခြုံမှု၊ ဖွံ့ဖြိုးအောင် ပြုလုပ်မှု၊ သင်ကြားပေးမှု စသည်တို့ကို ထောက်ပံ့ရန် တာဝန်ရှိသည်။ ဤအချက်များကို ထောက်ပံ့ရန် ပျက်ကွက်ပါက ကလေးကို လျစ်လျူရှုခြင်းဖြစ်သည်။ လွယ်လွယ်ဆိုရလျှင် လျစ်လျူရှုခြင်းသည် လိုအင်များကို ဖြည့်ပေးရန်နှင့် အသက်အလိုက် သင့်လျောသောစောင့်ရှောက်မှုပြုလုပ်ရန်ပျက်ကွက်သော လွဲမှားပြုမူခြင်း တစ်မျိုးပင်ဖြစ်သည်။

၆။ ကလေးများတွင် အသက်အရွယ်ကိုလိုက်၍ လိုအင်အမျိုးမျိုး ဖြစ်ပေါ်တတ်သော်လည်း ကလေးတိုင်း သည် လုံလောက်သော အာဟာရ၊ နားခိုရာအိမ်၊ ချစ်မေတ္တာ၊ သူတို့အပေါ် နားလည်မှု၊ လုံခြုံမှု၊ ပညာရေးနှင့် ကျန်းမာရေးအတွက် ပြုစုစောင့်ရှောက်မှုတို့ လိုအပ်ပေသည်။

၇။ မွေးကာစ ကလေးသူငယ်ဘဝတွင် အစာ၊ နွေးထွေးမှု၊ သက်တောင့်သက်သာရှိမှု၊ ဖေးမကူညီပေးမှု။ အိပ်မှု၊ ကိုယ်လက်သန့်စင်ပေးမှု၊ လှုပ်ရှားမှုတို့လိုအပ်သည်။ အခါလည်ကျော်ကျော် လမ်းလျှောက်ခါစအရွယ်၌ စကားပြောဖော်၊ ကစားဖော်နှင့် သူတို့ကိုစိတ်ဝင် ကစားဂရုစိုက်သူ လိုလာသည်။

၈။ ကျောင်းနေခါနီးအရွယ်၌ နားထောင်ဘတ်အောင်၊ အာရုံစိုက်တတ်အောင်၊ မိမိကိုယ်မိမိ ကိုယ်လက် သန့်စင်တတ်အောင် သင်ယူရန် လိုအပ်လာသည်။ ကျောင်းသားအရွယ်တွင် သက်တူအဖော်များနှင့် အပေါင်းဖွဲ့မှု၊ လူသစ်များနှင့် ဆက်ဆံမှုပြုလုပ် နိုင်စွမ်းရှိရန် လိုလာသည်။ မိမိကိုယ်မိမိ အခြားသူများနှင့် အတူတကွရှိသည်၊ သက်တူအုပ်စု၌ အပါအဝင် ဖြစ်သည်ဟူသော လိုအင်ဖြစ်ပေါ်လာသည်။

၉။ ဆယ်ကျော်သက်အရွယ်၌ သက်တူရွယ်တူ အဖော်များနှင့် ပတ်ဝန်းကျင်၏ တောင်းဆိုမှုများကို လိုအပ်လာသည်။ ရင်ဆိုင် နိုင်ရန် အချစ်နှင့် အပြုအမူများကို ရင်ဆိုင်နိုင်ပြီး သူတို့အား မကန့်ကွက်သော လူကြီးများလိုအပ်လာသည်။

၁၀။ ဆေးကုသမှုဆိုင်ရာ ပျက်ကွက်မှု - ကလေးများအား သင့်လျော်သော ကျန်းမာရေးဆိုင်ရာ ဂရုပြုစောင့်ရှောက် မှုကို ပြုလုပ်ရန် ပျက်ကွက်ခြင်းကို ဆေးကုသမှုဆိုင်ရာ ပျက်ကွက်မှုဟု သတ်မှတ်သည်။ ပညာရေးဆိုင်ရာ ပျက်ကွက်မှု - ကျောင်းသားအရွယ် ကလေးတစ်ဦး ကျောင်းမနေခြင်း၊ ကျောင်းပျက်ခြင်း၊ အမြဲတမ်းကျောင်းနောက်ကျခြင်းများ ဖြစ်ပေါ်မှုကို ပညာရေးဆိုင်ရာ ပျက်ကွက်မှုဟု သတ်မှတ်သည်။

**အကြောင်းရင်းများနှင့် အကျိုးဆက်များ**

၁၁။ အကြောင်းရင်းများ။ သုတေသနများက ပြသသည်မှာ ဆင်းရဲခြင်းသည် ကလေးကို လျစ်လျူရှုခြင်း၏ အဓိက အကြောင်းရင်းတစ်ခုဖြစ်သည်။ ဆေးဝါးနှင့် အရက်စွဲခြင်းတို့သည်လည်း အဓိက အကြောင်းရင်းများစွာ ပါဝင် သည်။

၁၂။ အကျိုးဆက်များ။ စွန့်ပစ်ထားခံရသောကလေးများသည် ကလေးဘဝမှ လူကြီးဘဝသို့ ကူးပြောင်းရာ၌ ဖွံ့ဖြိုးမှုနယ်ပယ်အားလုံးတွင် စွမ်းရည်မပြည့်ဝဘဲ ကျန်နေတတ်သည်။ ဥပမာ- စွန့်ပစ်ထားခံရသော ကလေး တစ်ယောက်သည် အရေး၊ အဖတ်၊ အတွက်စသော အခြေခံကျွမ်းကျင်မှုများကို သင်ယူနိုင်စွမ်းမရှိဘဲ ဆက်ဆံရေး ဖွံ့ဖြိုးမှုမှာလည်း နောက်ကျကျန်နေတတ်သည်။ ၎င်းတို့၌ ဖျက်လိုဖျက်ဆီးလုပ်တတ်သော အပြုအမူများ ရှိတတ်၍ လူ့အဖွဲ့အစည်းနှင့် အံချော်နေသူများ ဖြစ်လာ တတ်သည်။ လူမှုဆက်ဆံရေးတွင် ဆန့်ကျင်ဘက် ပြုတတ်သော အပြုအမူများလည်း ပေါ်လာတတ်သည်။ လျစ်လျူရှုခံရခြင်းကြောင့် အောက်ပါတို့ ဖြစ်ပွားနိုင်သည်

(၁) ရုပ်ပိုင်းဆိုင်ရာအန္တရာယ်ရှိခြင်း၊

(၂) ဖျားနာခြင်း/မကျန်းမာခြင်း၊

(၃) ငတ်မွတ်ခြင်း/ဆာလောင်မွတ်သိပ်ခြင်း၊

(၄) ရုပ်ပိုင်း၊ လူမှုရေး၊ စိတ်ခံစားမှုနှင့် စိတ်ခါတ်ဖွံ့ဖြိုးမှုတို့တွင် ချွတ်ယွင်းခြင်း၊

(၅) မိမိကိုယ်မိမိအထင်ကြီးလေးစားမှုမရှိခြင်း၊ နည်းခြင်း၊

(၆) မိမိကိုယ်မိမိသေကြောင်းကြံခြင်း၊

(၇) စိတ်ဓါတ်ကျခြင်း။

**လွဲမှားစွာပြုမူခြင်းပုံစံဖြင့်ပြုလုပ်တတ်ကြသောလျစ်လျူရှုခြင်း**

၁၃။ ကလေးသူငယ်များအား မတော်မတရား ပြုမူဆက်ဆံ ခြင်းအားဖြင့်လည်းကောင်း၊ လူကြီးတစ်ယောက်၏တာဝန်ကို ပျက်ကွက်ခြင်း အားဖြင့်လည်းကောင်း ကလေးသူငယ်ကို လွဲမှားစွာပြုမူခြင်းဖြစ်လာကြပါသည်။ အချို့သော ပျက်ကွက်မှု များသည် လွဲမှားစွာပြုမူခြင်း ပုံစံဖြစ်သွားနိုင်ပါသည်။ ဤကိစ္စရပ်တွင် ဥပမာအားဖြင့်၊ အပြစ်ပေးသည့် သဘော ကလေးအား အစာမကျွေးဘဲထားခြင်း၊ အပြစ်ပေးသည့်အနေဖြင့်သော်လည်းကောင်း၊ အမှောင်ကို မကြောက်အောင်လေ့ကျင့်သည့် အနေဖြင့်သော်လည်းကောင်း၊ ကလေးအား အမှောင်ခန်းတွင်းတွင် ပိတ်လှောင်ထားခြင်း၊ ကလေးကို မကြောက်တတ်စေရန်နှင့် ကိုယ့်ကိုကိုယ် အားကိုးနိုင်စေရန် လေ့ကျင့်သည့် အနေဖြင့်ကျူရှင်အပြန်တွင် အဖော်မပါဘဲ တစ်ယောက်တည်း ပြန်ခိုင်းခြင်းများပါဝင်ပါသည်။ ဤကဲ့သို့ သောမိဘများ၊ အုပ်ထိန်းသူများ၊ တစ်ခါတစ်ရံဆရာ၊ ဆရာမ များ၏ပျက်ကွက်မှုများ၊ လျစ်လျူရှုမှုများသည် ကလေးသူငယ်အား လွဲမှားစွာပြုမူခြင်းများဟု သတ်မှတ်ခြင်း ခံရပါသည်။

# ကလေးသူငယ်ကိုခေါင်းပုံဖြတ်ခြင်း
# (Exploitation)

## ခေါင်းပုံဖြတ်ခြင်း

၁။ ကလေးသူငယ်များသည် ယင်းတို့ထက် အသက်ကြီးသူများ၏ ခေါင်းပုံဖြတ်ခြင်းပုံစံ အမျိုးမျိုးကို ခံရနိုင်သူများဖြစ်ကြသည်။ ကလေးသူငယ်များအပေါ် မည်သည့်ပုံစံဖြင့်မဆို ခေါင်းပုံဖြတ်ခြင်းမျိုးကို အကာအကွယ်ပေးရန် လိုအပ်ပါသည်။ များသောအားဖြင့် ကလေးသူငယ်များသည် စီးပွားရေးဆိုင်ရာနှင့် လိင်မှုကိစ္စဆိုင်ရာတို့တွင် အထူးသဖြင့် ခေါင်းပုံဖြတ်ခံနေကြရပါသည်။ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ်သည် ကလေးတို့အား စီးပွါးရေးအရ ခေါင်းပုံဖြတ်မှုနှင့် အောက်ပါ အချက်များကိုဖြစ်စေသော လုပ်ငန်းများကို ကာကွယ်သော ကလေးသူငယ်အခွင့်အရေးများကိုအသိအမှတ် ပြုသည် -

(၁) အန္တရာယ်ဖြစ်စေသော

(၂) ကလေးတစ်ဦး၏ပညာသင်ကြားရေးကို အဟန့်အတားပြုသော

(၃) ကလေး၏ ကျန်းမာရေး သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ စိတဓါတ်ရေးရာဆိုင်ရာ၊ အကျင့်စာရိတ္တ ဆိုင်ရာ သို့မဟုတ် ဆက်ဆံရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု တစ်ခုခုကို ဥပါဒ်ဖြစ်စေသော။

၂။ ကလေးကို ခေါင်းပုံဖြတ်ခြင်းတွင် ကလေးကို အိမ်ဖေါ်လုပ်ခိုင်းခြင်း၊ အန္တရာယ်များသောစက်ရုံတွင် အလုပ်လုပ်ခိုင်းပြီး ထိုက်သင့်သော ငွေကြေး၊ လုပ်ခ၊ အကျိုးအမြတ်ကို မပေးခြင်းလည်း ပါဝင်သည်။

## စီးပွားရေးဆိုင်ရာခေါင်းပုံဖြတ်ခြင်း

၃။ များစွာသောကလေးသူငယ်များသည် မိသားစုစားဝတ်နေရေးအတွက် ငွေကြေးရရှိရန် အလုပ် လုပ်နေကြရပါသည်။ အချို့ကလေးများသည် မိသားစု၏ အဓိကဝင်ငွေရှာ ပေးနေကြရသောသူများအဖြစ် ရပ်တည် လျက်ရှိနေကြရပါသည်။ ကလေးများသည် လူကြီးများ လုပ်သောအလုပ်အတွက် တူညီသော ဝင်ငွေလစာကို မရရှိကြပါ။ များစွာသော ကိစ္စရပ်များတွင် ကလေးများသည် တစ်ခါတစ်ရံ အသက်ကိုပင် ရန်ရှာနိုင်လောက် သော အန္တရာယ်ကြီးမားသော လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်နေကြရပါသည်။

## လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်း

၄။ ကလေးသူငယ်များသည် ယင်းတို့၏ မိမိကိုယ်မိမိ ကာကွယ်နိုင်စွမ်း နည်းပါးမှုနှင့် အခွင့်အာဏာ ချို့တဲ့မှုတို့ကြောင့် လူကြီးများ၏ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုကို ခံကြရပါသည်။ လိင်ဆိုင်ရာ ခေါင်းပုံ ဖြတ်မှုများ ဆိုသည်မှာ ကလေး၏မိဘ သို့မဟုတ် မိသားစုဝင် တစ်ဦးဦး သို့မဟုတ် ပြည့်တန်ဆာရှာပေးသူ နှင့် လိင်လိုက်စားသူ သို့မဟုတ် ကြားပွဲစား သို့မဟုတ် ကိုယ်စားလှယ် တစ်ဦးဦးတို့အကြား ငွေကြေး (ဝါ) မျက်နှာသာပေးမှုတစ်ခုခု အမြတ်ထုတ်ရယူရန် ရည်ရွယ်ချက်ဖြင့်ကလေးကို လိင်ကိစ္စအတွက် အသုံးချခြင်းကို ခေါ်ဆိုသည်။

၅။ ကလေးများအပေါ် စီးပွားဖြစ် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှု ကိစ္စရပ်များသည် လက်ရှိ ဆယ်စုနှစ် များအတွင်း တစ်ကမ္ဘာလုံးဆိုင်ရာကိစ္စရပ်များအဖြစ် ပေါ်ပေါက်လာခဲ့ပါသည်။ ကလေးပြည့်တန်ဆာကိစ္စ ကလေးများအား အညစ်အကြေးရုပ်ရှင်၊ ဗွီဒီယို၊ ဓာတ်ပုံ၊ အင်တာနက်များတွင် အသုံးပြုနေဖြင့် ကိစ္စရပ်များသည် သိသာထင်ရှားသော ကလေးများအားစီးပွားရေးနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် ဥပမာများ ဖြစ်ကြပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ အနက်ဖွင့်ချက်အရ ကလေးအပေါ် စီးပွားဖြစ် လိင်ပိုင်ဆိုင်ရာခေါင်းပုံ

ဖြတ်မှုပုံစံ သုံးမျိုးရှိသည်။ ၎င်းတို့မှာ ကလေးကို ပြည့်တန်ဆာလုပ်ခိုင်းခြင်း၊ လိင်ကိစ္စအတွက်ရည်ရွယ်ချက်ဖြင့် ပြည်တွင်း၌ဖြစ်စေ နယ်စပ်ကိုဖြတ်ကျော်၍ဖြစ်စေ ကလေးများကို ရောင်းချခြင်းနှင့် လူကုန်ကူးခြင်း၊ ကလေးကို ကိုယ်ဟန်ပြခိုင်းလျက် လိင်စိတ်ကိုလှုံ့ဆော်သော အပြာဓာတ်ပုံ အပြာရုပ်ရှင်များ ရိုက်ထုတ်ခြင်း၊ ကလေးအဓိကလိင်မှုခရီးသွားလုပ်ငန်းတို့ ဖြစ်ကြသည်။

၆။ ကလေးကို ပြည့်တန်ဆာလုပ်ခိုင်းခြင်း - ဆိုသည်မှာ လူတစ်ယောက်ထံမှငွေ ကလေးကိုလိင်ကိစ္စ အတွက် အသုံးချရန် ပေးကမ်းခြင်းကို ဆိုလိုသည်။

၇။ ပြည်တွင်း၌ဖြစ်စေ နယ်စပ်ကိုဖြတ်ကျော်၍ဖြစ်စေ လိင်ကိစ္စရည်ရွယ်ချက်ဖြင့် ကလေးတစ်ဦးကို ရောင်းချခြင်းနှင့်လူကုန်ကူးခြင်း - ဆိုသည်မှာ ငွေကြေးနှင့် အခြားဆုလာဘ်များအတွက် ကလေးကိုအဖွဲ့ တစ်ခုမှတစ်ခုသို့ အလဲအလှယ်ပြုလုပ်ခြင်းကို ဆိုလိုသည်။

၈။ ကလေးဖြင့်လိင်စိတ်လှုံ့ဆော်သောပုံများရိုက်ထုတ်ခြင်း - ဆိုသည်မှာ ကလေးကို လိင်အခင်းကိစ္စ တစ်ခုတွင် အသုံးပြုလျက် ပုံရိုက်ထုတ်ခြင်းပင်ဖြစ်သည်။ ကလေးတစ်ဦးကို တစ်တစ်ခွခွပြထားသော လိင်ဆက်ဆံမှုတစ်ခုတွင် ပါဝင်စေလျက် ပုံရိုက်ကူးပြီး ထုတ်ဝေဖြန့်ချိ ခြင်း ဖြစ်သည်။

၉။ ကလေးအဓိကလိင်မှုခရီးသွားလုပ်ငန်း - ဆိုသည်မှာ ကလေးသူငယ်များနှင့် လိင်ကိစ္စကျူးလွန်ရန် အလို့ငှာ ကမ္ဘာတစ်ဝှမ်းလှည့်လည်ကျက်စားနေသော သူများအတွက် ခရီးသွားလုပ်ငန်းကိုဆိုသည်။ ဤလုပ်ငန်းသည် အာရှနှင့်ပစိဖိတ်ဒေသတွင် ကြီးထွားလာနေသော လိင်မှုစီးပွားရေးလုပ်ငန်းကြီးဖြစ်သဖြင့် ကလေးသူငယ်များအား စီးပွားဖြစ်လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှု အန္တရာယ်က သိသိသာသာ ခြိမ်းခြောက်နေပါသည်။